ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ညွှန်ကြားချက်အမှတ် ၃ /၂၀၂၀

၁၃၈၁ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၁ ရက်)

တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဃ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၏ ၃၁-၁-၂၀၂၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၂/၂၀၂၀ ဖြင့် ထုတ်ပြန်ထားသော ဝက်များ ရွှေ့ပြောင်းသယ်ဆောင်ရာတွင် အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့ပွားမှု မဖြစ်စေရေး ဆိုင်ရာ ညွှန်ကြားချက် အပိုဒ် ၂ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂။ ဝက်များကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုမှ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုသို့ ရွှေ့ပြောင်း သယ်ဆောင်ရာတွင် အာဖရိကဝက်အပြင်းဖျားရောဂါ ရှိ/မရှိ စစ်ဆေးမှုခံယူပြီး ကူးစက် ရောဂါကင်းရှင်းကြောင်း တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ် (AHD/PC-3)ကို ရယူပြီးမှသာ ရွှေ့ပြောင်းသယ်ဆောင်ရမည်။"

ဒေါက်တာရဲထွန်းဝင်း

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ညကခ/စမရ/ဥပဒေ/၂၀၂၀ (၀၂၈)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၁ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့်တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများ(အားလုံး)

ခရိုင်ဦးစီးဌာနမှူးများ(အားလုံး)

မြို့နယ်ဦးစီးဌာနမှူးများ(အားလုံး)

ကြော်ငြာသင်ပုန်း(သက်ဆိုင်သူများသိစေရန်)

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

ဝက်မွေးမြူဖြန့်ဖြူးရောင်းချသူများ(အားလုံး)

**မိတ္တူကို**

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ၊ သုကျွန်း၊ မွေးဖွံ့)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဌာနခွဲအားလုံး
မျှောစာတွဲ/ လက်ခံစာတွဲ